# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 6 , 2022 | Volume 56, Number 4


**၆.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၁၇၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၂၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၇.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၀၇.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၂၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၈.၁၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၂၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြစ်ကြီးနားမြို့၏ ရာသီပေါ်သီးနှံ နာနတ်သီးဈေးကွက်အခြေအနေ

မြစ်ကြီးနားမြို့နယ်တွင် နာနတ်သီးများစတင်ပေါ်ထွက်လာပြီမို့ စိုက်ပျိုးထုတ်လုပ်သူများ၊ ဝယ်ရောင်းပွဲစားများသာမက ဆက်စပ်လုပ်သားများလည်း ရာသီပေါ်သီးနှံပေါ်ချိန်တွင် အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိနေကြကြောင်း သိရှိရပါသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ ဆင်ခြေဖုံးရပ်ကွက်များ၊ ကျေးရွာများတွင် စိုက်ပျိုးထားကြသော နာနတ်သီးခြံများသည် ဇွန်လနောက်ဆုံးပတ်တွင် စတင်ဆွတ်ခူးပြီးဈေးကွက်ထဲသို့ တင်ပို့ရန်ဖြစ်လာချိန်တွင် နာနတ်သီးဝယ်ရောင်းများက ခြံပြတ်ဝယ်ယူခြင်း၊ အပုံပြတ်ဝယ်ယူခြင်းများ ပြုလုပ်ကြပြီး သုံးဘီးဆိုင်ကယ်များဖြင့် ဈေးကွက်ရှိရာ မြစ်ကြီးနားမြို့၏ ဈေးများသို့ သယ်ယူရောင်းချနေကြသည်ကို တွေ့ရှိရပါသည်။

နာနတ်သီးဝယ်ရောင်းတစ်ဦး၏ ပြောပြချက်အရ နာနတ်သီး အပုံပြတ်ဝယ်ယူရာတွင် ပျမ်းမျှ (သောင်းပြောင်း)တစ်လုံးလျှင် ၅၀၀ ကျပ်ခန့်ပေးရပြီး အလုံးများကို အသေး၊ အလတ်၊ အကြီးခွဲခြားပြီး ပြန်လည်ရောင်းချရကြောင်း လက်ရှိအချိန်တွင် အသေးတစ်လုံးကို ၅၀၀ ကျပ်၊ အလတ်တစ်လုံးလျှင် ၈၀၀ ကျပ်နှင့် အကြီးတစ်လုံးလျှင် ၁၀၀၀ ကျပ် ဈေးဖြင့်ရောင်းချနေကြောင်း အလုံး ၁၅၀ ခန့် တစ်ပုံလျှင် ၇၀၀၀၀ (ခုနစ်သောင်း) ကျပ်ခန့် အမြတ်အစွန်းရရှိကြောင်း သိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇဟိုဌာန**

## မွန်ပြည်နယ်တွင် ဆားကြမ်းထုတ်လုပ်နိုင်မှု ၅၀ ရာခိုင်နှုန်းအောက်သာရှိ



https://news-eleven.com/article/233507

ပြီးခဲ့သည့် (၂၀၂၁-၂၀၂၂) ခုနှစ် ဆားရာသီ အတွင်း လာနီညာရာသီဥတု အခြေအနေကြောင့် ဆားကြမ်းထုတ်လုပ်နိုင်မှု (၅၀) ရာခိုင်နှုန်း အောက်သာရှိခဲ့ကြောင်း ဆားတောင်သူများနှင့် ဆားလုပ်ငန်းရှင်များ၏ ပြောကြားချက်များအရ သိရသည်။

(၂၀၂၀ – ၂၀၂၁) ခုနှစ်က ဆားရာသီကစပြီး မွန်ပြည်နယ်အတွင်း လာနီညာရာသီဥတု ခံစားခဲ့ရကြောင်း၊ ထို့အပြင် (၂၀၂၁ – ၂၀၂၂) ခုနှစ်မှာလည်း လာနီညာရာသီဥတုက မကုန်သေးပဲ၊ ဆားသမားများအနေဖြင့် ရာသီဥတု၏ စိန်ခေါ်မှုကို နှစ်နှစ်ဆက်တိုက် ခံခဲ့ရသည့်အတွက် ထုတ်လုပ်မှုတအားကျသွားကြောင်းနှင့် ဆားဈေးနှုန်းက အထိုက်အလျောက်တက်သော်လည်း ထုတ်လုပ်သည့်ပမာဏက တအားနည်းသွားသည့်

အတွက်ကြောင့် မွန်ပြည်နယ်အတွင်းရှိ ဆားသမားများ အရှုံးနှင့်ရင်ဆိုင်ခဲ့ရကြောင်း သံဖြူဇရပ်မြို့နယ် ပငကျေးရွာမှ ဆားတောင်သူတစ်ဦးဖြစ်သူ နိုင်ဟုက ပြောကြားသည်။ ၎င်းကဆက်လက်ပြီး "ဒီ (၂၀၂၂) ခုနှစ်အတွင်းမှာ ဇန်နဝါရီလ (၂၂) ရက်မှာ မိုးအကြီးအကျယ်ရွာတယ်။ ဆားကွင်းတွေမြုပ်တဲ့အထိကို မိုးကရွာသွားတာ။ နောက် ဖေဖော်ဝါရီလ (၇) ရက်မှာလည်း မိုးကရွာတယ်။ ဖေဖော်ဝါရီ (၁၈) ရက်မှာလည်း မိုးကထပ်ရွာတယ်။ ပြီးတော့ မတ်လဆန်းပိုင်းကစလို့ရွာလိုက်တာ။ လကုန်တဲ့အထိကို (၃) ကြိမ်လောက်ရွာသွားတယ်။ အဲ့ဒီအပြင်ကို ဧပြီလမှာလည်း မိုးက ရွာလိုက်၊ ရပ်လိုက်နဲ့ ဆားကွင်းတွေ သိမ်းတဲ့အထိကို ရွာသွားတယ်။ အဲ့ဒီတော့ ဒီနှစ်မှာ ဇန်နဝါရီလကတည်းက မိုးကရွာလိုက်တော့ ခါးကျိုးသွားတယ်လို့ ပြောလို့ရပါတယ်" ဟု ပြောကြားသည်။

"ကျွန်တော်တို့မှာ ဆားထုတ်လုပ်နိုင်မှုက မနှစ်ကလည်း ရာခိုင်နှုန်း (၅၀) မပြည့်လိုက်ဘူး။ (၄၅) ရာခိုင်နှုန်းလောက်ပဲ ရတယ်။ ဒီနှစ်ကလည်း မနှစ်ကအတိုင်းပါပဲ။ ရာခိုင်နှုန်း (၅၀) ပြည့်တဲ့ ဆားကွင်းက နည်းတယ်။ ရာခိုင်နှုန်း (၄၀) နဲ့ (၅၀) ကြားရတဲ့ကွင်းကများတယ်ပေါ့။ အဲ့ဒီတော့ ပြီးခဲ့တဲ့ ဆားရာသီမှာလည်း ဆားထုတ်လုပ်နိုင်မှုက (၄၈) ရာခိုင်နှုန်းလောက်ပဲ ရတယ်လို့ သုံးသပ်လို့ရပါတယ်" ဟု နိုင်ဟုက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဆားထုတ်လုပ်သည့်လုပ်ငန်း၌ ဒီဇယ်ဆီကို မဖြစ်မနေအသုံးပြုရသည့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုဒဏ်ကိုလည်း ဆားသမားများအနေဖြင့် အလူးအလဲခံခဲ့ရကြောင်း ဆားတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။ "ဒီဇယ်ဆီဈေးနှုန်းက မနှစ် ဆားရာသီစဖွင့်တဲ့အချိန်တုန်းက တစ်ပီပါကို (၁၄၅၀၀၀) ကျပ်လောက်ပဲရှိခဲ့တယ်။ ဒီနှစ်ဆန်းပိုင်းကစလို့ စက်သုံးဆီဈေးနှုန်းတွေက တက်လာလိုက်တာ တစ်ပီပါကို (၅) သိန်းကျော်လောက်အထိကို တက်သွားတယ်။ စက်သုံးဆီတစ်ပီပါကို (၅) ရက်၊ (၆) ရက်လောက်ပဲ သုံးရတာလေ။ အဲဒီမှာ ကုန်ကျစရိတ်က အများကြီး တက်သွားတယ်လို့ ပြောလို့ရပါတယ်" ဟု သံဖြူဇရပ်မြို့မှ ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ပုံမှန်ရာသီတွင် ဆားပိဿာချိန် (၁၂) သိန်းခန့်ထွက်လေ့ရှိသော်လည်း ယခုနှစ် ဆားရာသီအတွင်း ပိဿာ (၅) သိန်းခန့်သာ ထွက်ရှိခဲ့ကြောင်း ၎င်းလုပ်ငန်းရှင်ကဆိုသည်။ "ဒီနှစ်ဆားရာသီမှာ ဆားလုပ်ငန်းရှင်တွေ၊ ဆားတောင်သူတွေ အခြေအနေ မကောင်းကြဘူလို၊ ဆားလုပ်သားတွေကလည်း အခြေအနေဆိုးပါတယ်။ သူတို့က လုပ်အားခကို ဆားပိဿာချိန်နဲ့ တွက်ချက်ပြီးတော့ ရတော့၊ ဆားများများထွက်တဲ့ ရာသီဆိုရင် သူတို့အတွက်က တွက်ခြေကိုက်ပေမယ့်၊ ဆားအထွက်နည်းတဲ့ ရာသီမှာတော့ သူတို့အတွက်က တွက်ခြေမကိုက်တော့ တချို့လုပ်သားတွေဆိုရင် သူတို့ဒေသကိုပြန်ဖို့ စရိတ်တောင်မရှိတဲ့ အခြေအနေမျိုးတွေဖြစ်သွားတယ်" ဟု ၎င်းဆားလုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အတွင်းမှထွက်ရှိသည့် ဆားကြမ်းတစ်ပိဿာလျှင် ကျပ် (၂၅၀) မှ ကျပ် (၃၀၀) ကျော်အထိ ဈေးကောင်းရခဲ့သော်လည်း ဆားအတွက်နှုန်းနည်းခဲ့သည့်အတွက် ဆားတောင်သူများနှင့်ဆားလုပ်ငန်းရှင်များအနေဖြင့် အကျိုးခံစားခွင့် တအားနည်းခဲ့ကြောင်း ၎င်းတို့၏ပြောကြားချက်များအရ သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာတွင် ဆားကွင်းဧကပေါင်း (၂၉၀၀) ခန့်ရှိပြီး၊ ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း (၃၀၀) ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပငကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့် ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျှက်ရှိကြောင်း၊ ထို့အပြင် ရေးမြို့နယ်နှင့် ပေါင် မြို့နယ်များအတွင်းလည်း နေလှမ်းဆားလုပ်ငန်းများရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/233507

## အင်ဒိုနီးရှား စားအုန်းဆီ ပြည်ပတင်ပို့မှုခွဲတမ်း တိုးမြှင့်သတ်မှတ်

လယ်သမားများ အရေးပေါ်ဒုက္ခကြုံတွေ့နေရသဖြင့် အင်ဒိုနီးရှားအစိုးရက စားအုန်းဆီတင်ပို့မှုခွဲတမ်းကို တိုးမြှင့် လိုက်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် စားသုံးဆီသိုလှောင်ထားရှိရတဲ့ပမာဏ များပြားလွန်းနေတာကို လျှော့ချနိုင်ဖို့လိုအပ် ကြောင်းနှင့် ဆီအုန်းဈေးနှုန်းများ ဈေးပြုတ်ကျကုန်သဖြင့် လယ်သမားများ အရေးပေါ်ဒုက္ခရောက်နေသည့် အခြေအနေ ကြုံတွေ့နေရကြောင်း၊ သို့ဖြစ်ရာ စားအုန်းဆီ ပို့ကုန်ခွဲတမ်းတိုးမြှင့်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့ (ဇူလိုင် ၅ ရက်) တွင် ပြောကြားသည်။

ကမ္ဘာ့ထိပ်တန်း စားအုန်းဆီ တင်ပို့သည့်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံက သုံးပတ်တိုင်တိုင် စားအုန်းဆီအမျိုးမျိုး ပြည်ပတင်ပို့မှု လုံးဝရပ်ဆိုင်းထားခဲ့ပြီး မေလ ၂၃ ရက်တွင် ပြည်ပတင်ပို့မှုပြန်လည်ခွင့်ပြုခဲ့သည်။ ပြည်တွင်းမှာ သိုလှောင် သိမ်းဆည်းထားရသည့် စားအုန်းဆီပမာဏများပြားနေသဖြင့် ဆီစက်များက ဆီအုန်းများ အဝယ်ရပ်ကြသောကြောင့် ဆီအုန်းခိုင်များ ဈေးထိုးကျကုန်သည်။ ထိုအခါ ဆီအုန်းစိုက်ခင်းများ စိုက်ပျိုးသည့်လယ်သမားများ ဒုက္ခရောက်ကုန်ကြသဖြင့် ပြည်ပတင်ပို့ခွင့် ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်ပါသည်။

တနင်္လာနေ့(ဇူလိုင် ၄) တွင် စားအုန်းဆီ ထုတ်လုပ်သည့်လုပ်ငန်းက ပြည်တွင်းဈေးကွက်တွင် ရောင်းချသည့်ပမာဏ၏ ၇ ဆကို ပြည်ပသို့တင်ပို့ရန် ခွင့်ပြုလိုက်သည်။ ယခင်က ၅ ဆကိုသာ တင်ပို့ခွင့်ရရှိသည်။ ပြည်တွင်းဈေးကွက်တွင် ရောင်းချရမည့်ပမာဏ တာဝန်ကျေပြီးသောကုမ္ပဏီများကို ကုန်သွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပို့ကုန်ပါမစ်များ ချပေးခဲ့ရာ စုစုပေါင်းတန်ချိန် ၂.၄ သန်း ခွင့်ပြုခဲ့သည်။

ယခင်ခွဲတမ်းအဟောင်းနှင့် ပြည်ပတင်ပို့မှု အရှိန်မြှင့်တင်ရေးအစီအစဉ်အရ အင်ဒိုနီးရှားကုမ္ပဏီများသည် စုစုပေါင်း တန်ချိန် ၃.၄ သန်းတင်ပို့ရန် ခွဲတမ်းချထားပြီးဖြစ်သည်။ ဆီစက်များတွင် စားအုန်းဆီသိုလှောင်ကန်များ ပြည့်နေသဖြင့် တသီးပုဂ္ဂလစိုက်ပျိုးသည့် လယ်သမားများထံမှ ဆီအုန်းခိုင်များ ဝယ်ယူခြင်းကို အဝယ်ရပ်ထားကြသည်။

သို့ဖြစ်ရာ ဆီအုန်းခိုင်များ ဈေးထိုးကျကုန်သည်။ ပြည်ပတင်ပို့ခွင့် မပိတ်ခင်က တစ်ကီလိုဂရမ်လျှင် ၃,၆၀၀ ရူပီယာ (ကန်ဒေါ်လာ ၀.၂၄၀၂) ရှိခဲ့ပြီး ယခုအခါ ၈၀၀-၁၀၀၀ ရူပီယာအထိ ဈေးကျသွားသည်။ ခူးချိန်တန်သည့်အချိန်တွင် မခူးပါက အသီးများပျက်စီးမည်ဖြစ်သဖြင့် ဆွတ်ခူးကြပြီး ရရာဈေးနှုန်းဖြင့် လယ်သမားများ ရောင်းချနေကြရသည်။

ပြည်တွင်းစားအုန်းဆီ သုံးစွဲမှုပိုများလာစေရန် ဒီဇယ်ဆီနှင့်စားအုန်းဆီရောနှောပြီး ဇီဝဒီဇယ်အသုံးပြုရန် ပြဋ္ဌာန်းထားသည်ကို စားအုန်းဆီ ၃၀% ရောနှောခြင်းအစား ၃၅-၄၀% ရောနှောသင့်ကြောင်း ဝန်ကြီးကအဆိုပြုထားသည်။

အင်ဒိုနီးရှား စားအုန်းဆီမူဝါဒ ဂယ်ကွေ့ ကွေ့လိုက်ပြီး ပြည်ပတင်ပို့နိုင်ရေး အရှိန်တင်ဆောင်ရွက်လာသဖြင့် မလေးရှား စားအုန်းဆီ ကြိုပွဲဝိုင်ရောင်းဈေးများ ၁၁% ကျော်ဈေးကျသည်။ နောက်ဆုံး အကြီးအကျယ်ဈေးကျခဲ့သည်မှာ ဇွန်လတွင်ဖြစ်ပွားခဲ့ပြီး ၂၂% ဈေးကျခဲ့သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် အကျအကြမ်းဆုံးအဖြစ် စံချိန်တင်ခဲ့ပါသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4663-indonesia-raises-palm-oil-export-quota.html

## စင်ကာပူသို့ ကြက်သားတင်ပို့မှု ပိတ်ပင်ထားခြင်းကိုရုတ်သိမ်းပေးရန် မလေးရှားမွေးမြူရေးလုပ်ငန်းရှင်များတောင်းဆို

မလေးရှား ကြက်မွေးမြူရေးလုပ်ငန်းရှင်များက ကြက်သားတင်ပို့မှု တားမြစ်ထားချက်ကို ရုတ်သိမ်းပေးရန် မလေးရှား အစိုးရကို တောင်းဆိုထားသည်။ ခွင့်မပြုပါက စင်ကာပူဈေးကွက်ကို ဆုံးရှုံးလိမ့်မည်ဟုဆိုသည်။

ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအား တည်ငြိမ်နေပြီဖြစ်ကြောင်းလည်း ၎င်းတို့ကပြောကြားခဲ့သည်။ ဇွန် ၁ ရက်မှ စတင်အသက်ဝင်ခဲ့သည့် ပို့ကုန်တားမြစ်ချက်ကို အဆုံးသတ်ပေးရန်အတွက် အစိုးရနှင့်ဆွေးနွေးနေကြောင်း မလေးရှား မွေးမြူရေးလုပ်ငန်းရှင်များအသင်းများအသင်း (FLFAM) ၏ အကြံပေးအရာရှိ Jeffry Ng က ပြောကြားခဲ့သည်။ စင်ကာပူ ဖောက်သည်များနှင့် နှစ်ပေါင်းများစွာ ဆက်ဆံရေးကိုပျိုးထောင်ထားကာ စာချုပ်များချုပ်ဆိုထားသောကြောင့် လုပ်ငန်းရှင်များကပူပန်နေသည်ဟု ၎င်းကဆိုသည်။

မလေးရှားတွင် ရောင်းလိုအားနှင့်ဈေးနှုန်းပြဿနာများကြောင့် တစ်လလျှင် ကြက် ၃.၆ သန်းအထိ တင်ပို့ခွင့် ပိတ်ပင်ထားသည်။ ထုတ်လုပ်မှုစရိတ် မြင့်တက်လာခြင်း၊ ရောဂါကူးစက်မှုနှင့် ရာသီဥတုအခြေအနေတို့သည် ကြက်ခြံများ၏ လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသည့် အကြောင်းရင်းများဖြစ်သည်။ စင်ကာပူသည်ကြက်သားတင်သွင်းမှု၏ သုံးပုံတစ်ပုံခန့်ကို မလေးရှားမှတင်သွင်းနေရာမှ အင်ဒိုနီးရှားမှကြက်များကို ပြောင်းလဲဝယ်ယူသွားမည်ဟုကြေညာခဲ့သည်။ စင်ကာပူနိုင်ငံသို့ ကြက်များတင်ပို့ရန် အသိအမှတ်ပြုထားသော နိုင်ငံပေါင်း ၂၀ ကျော်စာရင်းတွင် အင်ဒိုနီးရှားသည် ရင်းမြစ်အသစ်အဖြစ်

ထည့်သွင်းခံလာရပြီဖြစ်ကြောင်း စင်ကာပူစားနပ်ရိက္ခာအေဂျင်စီ (SFA) က ဖွန် ၃၀ ရက်တွင် ပြောကြားခဲ့သည်။ Johor ကြက်မွေးမြူသူများအသင်း အတွင်းရေးမှူး Lau Ka Leng က တင်ပို့မှုခွင့်မပြုပါက မွေးမြူရေးလုပ်ငန်းရှင်များသည် ၎င်းတို့၏ စင်ကာပူဖောက်သည်များ ဆုံးရှုံးမည်ကိုစိုးရိမ်နေကြကြောင်း CNA သို့ ပြောကြားခဲ့သည်။ "ဈေးကွက်တစ်ခု ဆုံးရှုံးသွားရင် ပြန်ရဖို့က လွယ်မှာမဟုတ်ဘူး" ဟု၎င်းက ဆက်လက်ပြောသည်။ မွေးမြူရေးလုပ်နေသော ဂျိုဟိုးပြည်နယ်တွင် ကြက်ခြံပေါင်း ၇၀၀ ရှိသည်။

Source: can

Source: Popular News Journal

## ပြည်ပသို့ မြန်မာ့ဆန် တင်ပို့မှုပုံစံပြောင်းလဲရန် MRF စီစဉ်နေ၊ အရည်အသွေးကို အဓိကထားပြီး ဆန်တင်ပို့မှု နှစ်ဆတိုးမြှင့်ရန် ရည်မှန်းထား

ပြည်ပနိုင်ငံတွေထံ ရောင်းချနေတဲ့ မြန်မာ့ဆန် တင်ပို့မှုပုံစံကိုပြောင်းလဲဖို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်-MRF က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။အရည်အသွေးမြင့်မားတဲ့ စပါးမျိုးတွေကို အာရုံစိုက်ပြီး (၃) နှစ်အတွင်း ဆန်တင်ပို့မှုကို နှစ်ဆတိုးမြှင့်နိုင်ဖို့ ရည်မှန်းထားတယ်လို့ MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပါတယ်။

လက်ရှိ ပြည်ပကို ဆန်၊ဆန်ကွဲတန်ချိန် ၂ သန်းခန့် တင်ပို့ခြင်းကနေ လာမယ့် ၂၀၂၅ ခုနှစ်မှ စတင်ကာ နှစ်စဉ်တန်ချိန် ၄ သန်းအထိ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါတယ်။ တရုတ်၊ ဥရောပနဲ့ ဖိလစ်ပိုင်ကဲ့သို့ အရှေ့တောင်အာရှနိုင်ငံအချို့ရဲ့ တိုးတက်လာတဲ့ ဝယ်လိုအားတွေကြောင့် တင်ပို့မှုတိုးမြှင့်ဖို့ ဆောင်ရွက်ရခြင်းဖြစ်တယ်လို့ ဦးရဲမင်းအောင်က အင်တာဗျူးတစ်ခုမှာ ပြောခဲ့ပါတယ်။

ဆန်က မြန်မာ့လယ်ယာထွက်ကုန်ရဲ့ နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေးနိုင်တဲ့ ကုန်ပစ္စည်းအမယ်တစ်ခုဖြစ်ပြီး ၂၀၂၅ တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံအထိ နှစ်ဆနီးပါးရှိလာမယ်လို့ မျှော်လင့်ထားပုံရပါတယ်။ ပြည်ပကို တင်ပို့ရောင်းချတဲ့ ဆန်အမျိုးအစားက ပြည်တွင်းမှာစားသုံးနေတဲ့ ဆန်တွေနဲ့ကွဲပြားမှုရှိတာကြောင့် ပြည်တွင်းကို လုံလောက်တဲ့ထောက်ပံ့မှုရှိနေကြောင်းလည်း ဦးရဲမင်းအောင်ကပြောပါတယ်။

MRF ရဲ့ ဖော်ပြချက်အရ ယခုဘဏ္ဍာနှစ် ဖွန် ၂၅ ရက်နေ့အထိ ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုက တန်ချိန် ၅ သိန်းကျော်ရှိပြီး ဥရောပနဲ့တရုတ်နိုင်ငံတွေကို ပင်လယ်ရေကြောင်းကနေ အဓိကတင်ပို့ခဲ့ခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။ ''ဒီကာလမှာတော့ နယ်စပ်က အရမ်းနည်းသွားတယ်။ ပင်လယ်ရေကြောင်း တင်ပို့မှုပဲများပါတယ်။ ဈေးကွက်ကတော့ ပုံမှန်အတိုင်းရှိတယ်။ နောက်ပြီး ဆန်ကွဲလိုအပ်ချက်များတော့ ပြည်တွင်းမွေးမြူရေးကဏ္ဍရဲ့ အခြေအနေနဲ့ ချင့်ချိန်ရတာပေါ့''လို့ ဦးရဲမင်းအောင်က အင်တာဗျူးတစ်ခုမှာ ပြောကြားထားပါတယ်။

**Source: BETV Business**

## ယခုနှစ်ထွက်ရှိလာသည့် ရွှေဟင်္သာသရက်သီးများ ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် ဈေးကောင်းရရှိနေ

ယခုနှစ်ထွက်ရှိလာသည့် ရွှေဟင်္သာသရက်သီးများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍သိရသည်။

လက်ရှိအချိန်တွင် ရွှေဟင်္သာသရက်သီးများကို ပြည်ပဈေးကွက်သို့ စမ်းသပ်ကာလအနေဖြင့် တင်ပို့ရောင်းချနေခြင်းများရှိကြောင်း၊ စိန်တလုံးသရက်သီးရာသီသည် ကုန်ဆုံးတော့မည်ဖြစ်၍ ပြည်ပဈေးကွက်သို့ ယခုထွက်ရှိလာသည့် ရွှေဟင်္သာနှင့် ရင်ကွဲသရက်သီးများကို တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင် ရွှေဟင်္သာသရက်သီး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ယွမ် ၁၂၀ မှ ၁၃၀ ထိရရှိနေပြီး တစ်ခြင်းလျှင် ယွမ် ၁၀၀ ခန့်ဖြင့် ရောင်းချနေရကြောင်းသိရသည်။

"ပြည်ပဈေးကွက်ကို ရွှေဟင်္သာသရက်သီးတွေ စပြီးတင်ပို့ရောင်းချနေကြပါတယ်။ ဈေးကွက်ကောင်း နေတဲ့အပြင် ဈေးကောင်းတွေလဲရရှိနေပါတယ်။ လှိုင်လှိုင်တော့မတင်ပို့သေးပါဘူး။ ရင်ကွဲသရက်သီးကတော့ ယွမ် ၁၀၀ လောက်ရပါတယ်။

ပြည်ပဈေးကွက်အနေအထားကတော့ ကောင်းနေပါတယ်။ စိန်တလုံးပြတ်ခါနီးတော့ ရွှေဟင်္သာနဲ့ရင်ကွဲသီးတွေ စထွက်လာပြီး ဈေးကွက်အတွင်း ဝင်ရောက်နေပါပြီ။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရကြပါတယ်။ နောက်နှစ်တွေမှာ အရည်အသွေးကောင်းအောင် တောင်သူတွေ ဂရုစိုက်ကြဖို့လိုပါတယ်။ ခူးဆွတ်ပြီးတာကအစ ထုပ်ပိုးမှုစနစ်ကောင်းကောင်း ထုပ်နိုင်ရင် ဈေးကောင်းရပါတယ်။ စိန်တလုံးသရက်သီးကို လက်ရှိပို့နေတာက ရှမ်းပြည်နယ်(တောင်ပိုင်း)က ပို့နေပါသေးတယ်။ တစ်နှစ်ပတ်လုံး ပြုစုထားတဲ့အတွက် ဈေးကောင်းရနေတယ်။ ၁၆ ကီလိုဂရမ် တစ်ခြင်းကို ယွမ် ၁၅၀ ထိရနေပါတယ်" ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

ပြည်ပဈေးကွက်တွင် ဈေးပိုကောင်းလာရန် အလားအလာများရှိနေသည့်အတွက် သရက်သီးများကို ဆက်လက်တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် သရက်ရာသီသည် ရာသီဥတုကြောင့် အသီးအထွက်နှုန်း နည်းသော်လည်း ဈေးကောင်းရရှိနေကြောင်း ၎င်းကပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန်လတွင် ပြည်တွင်းကုမ္ပဏီ ၃၈ ခုက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန် တင်ပို့ရောင်းချခဲ့

ယခုဘဏ္ဍာနှစ် ဇွန်လတွင် ပြည်တွင်းကုမ္ပဏီ ၃၈ ခုက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဇူလိုင် ၄ ရက် ထုတ်ပြန်သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ် ဇွန်လတွင် ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၃၈ ခုက တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကိုပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၁၈ နိုင်ငံနှင့် ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ကိုးနိုင်ငံစုစုပေါင်း ဆန်နှင့်ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၂၇ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန် ၈၃၉၂၆ တန်နှင့် ဆန်ကွဲ ၆၂၁၆၈ တန် စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန် တင်ပို့ရောင်ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်ကြောင်းမှ ဆန်နှင့်ဆန်ကွဲ ၁၂၅၃၇၄ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၀၇၂၀ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ဆန်ကို အာဆီယံဒေသတွင်းနိုင်ငံသို့ ပထမအများဆုံးတင်ပို့ရပြီး မူဆယ် နယ်စပ်ကုန်သွယ်ရေးဇုန်မှ အိမ်နီးချင်းနိုင်ငံသို့ ဒုတိယအများဆုံးနှင့် ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ တစ်ဆင့် ဥရောပသမဂ္ဂနိုင်ငံများသို့ တတိယအများဆုံးတင်ပို့ရကြောင်း၊ အလားတူ ဆန်ကွဲကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှတစ်ဆင့် ဥရောပသမဂ္ဂနိုင်ငံများသို့ ပထမအများဆုံးတင်ပို့ရပြီး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ယခုနှစ် ပထမခြောက်လအတွင်း ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်ပြည်ပတင်ပို့ရောင်းချမှု ၂၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာ

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ပြည်ပသို့ အဝတ်အထည်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆ ဘီလီယံရရှိခဲ့ပြီး ယခုရရှိခဲ့သည့်ဝင်ငွေသည် ယမန်နှစ်အလားတူ ကာလကထက် ၂၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စက်မှုဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်တင်ပို့မှုမှ ဇွန်လအတွင်းမှာပင် ၃ ဒသမ ၆ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ပြည်ပနိုင်ငံများအား အဝတ်အထည်များစွာ တင်ပို့ရောင်းချနိုင်ခဲ့ခြင်းသည် လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း အဝတ်အထည်များ ပြည်ပတင်ပို့ရောင်းချရာမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းရရှိမည်ဟု ခန့်မှန်းထားသည်။ အဝတ်အထည်များ ပြည်ပတင်ပို့ရောင်းချခြင်းမှ ယမန်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၇ ဘီလီယံရရှိခဲ့ကြောင်း ဗဟိုစာရင်းအင်းရုံးကပြောကြားသည်။ ဗီယက်နမ်နိုင်ငံ၏ အဝတ်အထည်ဈေးကွက်များမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။

**Source: ကြေးမုံ**

## STOCK EXCHANGE (6.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +200 | +2.70% | 7,600 | 7,600 | 7,600 | 1 | 7,600 | 33,109,694 | 251,634 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 862 | 2,284,300 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +200 | +2.82% | 7,300 | 7,300 | 7,300 | 53 | 386,900 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 18,000 | 18,000 | 17,500 | 2 | 35,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,600 | 2,600 | 2,500 | 350 | 880,000 | 19,977,223 | 49,943 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 7 | 35,000 | 10,497,598 | 52,488 |

### Market summary

As of 6th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 349.77 | +5.00 | +1.45% | 345.97 | 350.92 | 345.97 | 1,275 | 3,629,300 | 7 | 608,474 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 6th Jul. 2022

| MYANPIX | 349.77 ▲ 5.00 |
|---|---|
| Total Volume (shares) | 1,275 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 608,474 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 200 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 200 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |